**စမွတ်ဆာခွန်ခရိုင် အခြေခံပညာ မူလတန်းပညာရေးဝန်ဆောင်မှုရုံးကော်မရှင်ကြေငြာစာတမ်း**

**ဖြောင့်မတ်မှန်ကန်၍ ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့်**

**စမွတ်ဆာခွန်ခရိုင်အခြေခံမူလတန်းပညာရေး ဝန်ဆောင်မှု ဌာန ရုံး အဖွဲ့မှ ထုတ်ပြန်သည်။**

..............................................................

အကျင့်ပျက်ခြစားမှု ကာကွယ်တိုက်ဖျက်ရေးနှင့် ဆက်လျှင်း၍ အမျိုးသားဗျူဟာ အဆင့် (၃) အရ အများပြည်သူများအနေဖြင့် အကျင့်ပျက်ခြစားမှု (လာဘ်ပေး၊ လာဘ်ယူ) တိုက်ဖျက် ရာတွင် ထိရောက်သော အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းစနစ်များကို စမွတ်ဆာခွန်ခရိုင် အခြေခံမူလတန်းပညာရေးဌာနရုံးမှ ချမှတ်ပေးသောလမ်းညွှန်မှုများနှင့်အညီ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပါသည်။ သမာသမတ် ကျမှု ပွင့်လင်းမြင်သာမှု ရှိစေရနတို့ကို မျက်ခြေမပျက်တိုးမြှင့်စောင့်ကြည့်ရမည်ဖြစ်သည်။ အလုပ်သမားအေဂျင်စီများနှင့် တွဲဖက်အလုပ်လုပ်နေသော ဌာနဆိုင်ရာ အစိုးရဝန်ထမ်းများအား ပြဋ္ဌာန်းထားသော ဥပဒေနှင့် အညီ ကျင့်ဝတ်ကျင့်ထုံးများကို စံချိန်စံနှုန်း များကိုက်ညီစွာ လိုက်နာကျင့်သုံးရန် တိုက်တွန်းဖို့လိုသည်။

သို့ဖြစ်ပါ၍ စမွတ်ဆာခွန်ခရိုင်အခြေခံပညာမူလတန်းပညာရေးဝန်ဆောင်မှုဌာနရုံး ကော်မရှင် အဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးများ၊ ရုံးဝန်ထမ်းများ နှင့် ပြည်သူလူထုများမှကောင်းမွန်သောအုပ်ချုပ်မှု ယန္တရားပေါ်တွင်ဖြောင့်မတ်မှန်ကန်မှုရှိစေရန် ပြည်သူ့အကျိုးစီးပွါး ပျက်ပြားစေနိုင်သောအကျင့်ပျက် ခြစားမှု စိုးရိမ်စရာ ကြီးထွားလာမှုအပေါ်မူတည်၍ ပြန်လည်ဖြောင့်မတ်စေရန် လုပ် ဆောင်ပေးရမည်ဖြစ်သည်။ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလုပ်ထုံးလုပ်နည်းများနှင့်ထိရောက်စွာကိုင်တွယ်နိုင်ရန် ခိုင်မာစွာသန္နိဋ္ဌာန် ပြုထားသည်။ ကျွန်ုပ်တို့ အဖွဲ့အစည်းသည် တာဝန်ယူမှု၊ တာဝန်ခံမှု နိုးကြားကြိုးစားစွာအမှားအယွင်းကင်း အောင်စနစ်တကျ ဖွဲ့စည်းထားခြင်းဖြစ်သည်။လူမျိုးဘာသာခွဲခြားဆက်ဆံခြင်းမရှိပဲလူထုအပေါ်အလေးထားပြီး တူညီသော အမျိုးသားအကျိုးစီးပွါးအတွက် အကျင့်ပျက်ခြစား မှုများကိုကြုံတွေ့ရပါက နေရာဒေသ မရွေး လိုအပ်သော အရေးယူမှုများ တားဆီးကာကွယ် သတိပေးခြင်းများဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့သောလုပ်ဆောင်မှုများအတွက် စမွတ်ဆာခွန်ခရိုင် အခြေခံပညာမူလတန်း ပညာရေးဝန်ဆောင်မှု ရုံး ကော်မရှင်အတွက် ယုံကြည်စိတ်ချရခြင်း၊ တိကျမှန်ကန်၍ စနစ်ကျသော တာဝန်ယူဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

အထက်ပါအကြောင်းအရာနှင့်ပါတ်သတ်၍ကြေငြာစာထုတ်ပြန်လိုက်သည်။

ရက်စွဲ ၁၃ .မေလ .၂၀၂၀

(မစ်စတာ နိုင်ဖိစစ်ဖန်စီနထိစ် )

လက်ထောက်ညွှန်ကြားရေးမှူး အခြေခံပညာမူလတန်းပညာရေး ဝန်ဆောင်မှုဌာနရုံး

ညွှန်ကြားရေးမှူးစမွတ်ဆာခွန်ခရိုင် အခြေခံပညာမူလတန်းပညာရေးဝန်ဆောင်မှု အလုပ်အမှုဆောင်အဖွဲ့